## ၁။ သီးထိုးယင်

**Melon Fruit Fly : *Bactrocera cucurbitae* (Coquillett, 1849)**

**Diptera : Tephritidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**

 

လောက်ကောင်သည် အဝါဖျော့ရောင်ရှိပြီး ဦးခေါင်းပိုင်းသို့ သေးသွယ်သွားသော ဆလင်ဒါပုံရှိပြီးအကောင်ကြီး၏ ပုံသဏ္ဍာန်မှာ ရင်အုပ် ပိုင်းသည် နီညိုရောင်ရှိပြီး သိသာထင်းရှားသော အဝါရောင်အစင်ကြောင်း (၃) ကြောင်းပါရှိသည်။ ရှေ့အတောင်ပံပေါ်တွင် သိသာထင်ရှားသော အညိုရင့်ရောင်ကန့်လန့်ဖြတ်အမှတ်အသားနှင့် အတောင် ထိပ်ဖက်တွင်ကြီးမားသော စက်ဝိုင်းပုံအမှတ်အသားပါရှိသည်။

**ဖျက်ဆီးမှု လက္ခဏာများ**



သီးထိုးယင် အမသည် အသီးအခွံနှင့်ကပ်လျက်အသားထဲသို့ ဥ အုတံဖြင့် ထိုးသွင်းအုပြီး (၁-၃)ရက်အတွင်း လောက်ကောင်များပေါက်လာပြီး အသီးထဲတွင် စားသောက် ဖျက်ဆီးမှုကြောင့် အသီးများ ပုပ်ရိပျက်ဆီးသွားပြီး အသီးများကြွေကျပျက်ဆီးသွားသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | – (၁–၃)ရက် |
| လောက်ကောင် အဆင့် | –(၇–၁၀)ရက် |
| ပိုးရုပ်ဖုံးအဆင့် အဆင့် | – (၈–၁၀)ရက် |
| အကောင်ကြီး အဆင့် | –(၃)လ |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)အဝါရောင် ပိုးဖမ်းထောင်ချောက် များကို အသုံးပြု၍ အကောင်ကြီးများကို ဖမ်းယူဖျက်ဆီးပါ၊

(၂)သီးထိုးယင် ဆွဲဆောင် ဖီရိုမုန်း (Cue Lure) နှင့် ပိုးသတ်ဆေးအရောထောင်ချောက်များကို တစ်ကေလျှင် (၅–၁၀) ခုနှုန်း တပ်ဆင်ပြီး အထီးများကို ဖမ်းယူဖျက်ဆီးပါ။

(၃) အထီးဆွဲဆောင်ဟိုမုန်း မီသိုင်းယူဂျီနော(Methyl eugenol) နှင့် လန်မ်ဒါဆိုင်ဟေလိုသရင် (Lambda–cyhalothrin) အနည်းငယ်ရော၍ ထောင်ချောက် ပြုလုပ်ပြီး (၁) ကေလျှင် (၅) ခုနှုန်းတပ်ဆင် ကာ ယင်ထီးများအား ဖမ်းဆီးပြီး အစုအပြုံလိုက် ဖျက်ဆီးပါ။

(၄)စိုက်ခင်းထဲရှိ သီးထိုးယင် ပိုးကျအသီးများကို ကောက်ယူမြေမြှုပ်ဖျက်ဆီးပါ။

(၅)မြေကြီးထဲရှိ ပိုးရုပ်ဖုံးများကို ဖျက်ဆီးရန်အတွက် မြေကြီးကို ထွန်ယက်ခြင်း(သို့) ပိုးသတ်ဆေး ထည့်ခြင်း ဆောင်ရွက်ပါ။

(၆)ထိသေစားသေ (သို့) ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဒိုင်နိုတီဖျူရမ် (Dinotefuran)
- ဒယ်လ်တာမီသရင်(Deltamethrin)